

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

## HR-VA No. 062 – Clinic Assistant

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**သည် မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံးနှင့် ဦးဆောင်ဦးရွက်ပြုနေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသူများ၏ ကျန်းမာရေးနှင့် ပိုမိုကောင်းမွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**ဆေးခန်းအထောက်အကူ**

| | | |
|---|---|---|
| အရေအတွက် | : | (၁) ဦး |
| အစီရင်ခံတင်ပြမှု | : | ကျန်းမာရေးအရာရှိ |
| ဌာန | : | ကျန်းမာရေးဌာန |
| စီမံကိန်း/စီမံချက် | : | ရွေ့လျားဆေးဘက်ဆိုင်ရာအဖွဲ့ |
| တာဝန်ကျရာနေရာ | : | နေပြည်တော်/ရန်ကုန်<br>(နိုင်ငံအတွင်းရှိတိုင်း/ပြည်နယ်များသို့ကွင်းဆင်း ဆောင်ရွက်ရန်) |
| အဆင့် | : | C-1 |
| အကျိုးခံစားခွင့်များ | : | လစာ + ခရီးစရိတ်ထောက်ပံ့ကြေး + ကျန်းမာရေးအကျိုးခံစားခွင့်ထောက်ပံ့ကြေး + အပိုထောက်ပံ့ကြေး + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါကာကွယ်ခွင့် + လုပ်သက်ခွင့် + ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + အိမ်ပြန် နားရက်ခံစားခွင့် + နာရေးခွင့် + အစားထိုးနားရက်ခံစားခွင့် + မွေးကင်းစကလေးအားပြုစုခွင့် + သွေးလှူရှင်ခွင့် + ခရီးသွားစားရိတ် + ကျန်းမာရေးအာမခံနှင့် စုပေါင်းအသက်အာမခံ + စွမ်းဆောင်ရည်မြင့်သင်တန်းများ |
| လျှောက်လွှာပိတ်ရက် | : | ၂၀၂၅ခုနှစ်၊ ဧပြီလ (၂၃) ရက်၊ (၁၆:၃၀) နာရီ |

**စီမံကိန်း၏အကြောင်း**

ရွေ့လျားဆေးဘက်ဆိုင်ရာအဖွဲ့ (Mobile Health Team) သည် သဘာဝဘေးဒဏ်သင့်ဒေသများ၊ အရေးပေါ်အခြေအနေများကြောင့် ခေတ္တနေရပ်စွန့်ခွာလာသူများတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ၊ ရှေးဦးပြုစုခြင်းဆိုင်ရာ ဝန်ဆောင်မှုများရရှိစေရေး၊ အဓိကကျသည့် ကျန်းမာရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းမှုဆိုင်ရာ အသိပညာ၊ သတင်းအချက်အလက်များရရှိစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှု စနစ်တကျခံယူနိုင်ရန် သက်ဆိုင်ရာသို့ ညွှန်းပိုပေးခြင်း၊ အသက်ရှင်ကျန်ရစ်သူများသည် လုံလောက်သောကျန်းမာရေး ဝန်ဆောင်မှုများရရှိစေရေး၊ လူထုအခြေပြုစောင့်ကြည့်သတင်းပို့ခြင်း လုပ်ငန်းစဉ်မှတဆင့် ကျန်းမာရေးအန္တရာယ်များကို အချိန်မီ





သိရှိနိုင်ရေး၊ ဆင်းရဲချမ်းသာမရွေး လူတိုင်းလက်လှမ်းမီနိုင်မည့် ကျန်းမာရေးစောင့်ရှောက်မှု စနစ်ဖြစ်ထွန်းနိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများပူးပေါင်းကာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများ၏ မူဘောင်အတွင်းမှ ကြက်ခြေနီလှုပ်ရှားမှု၏အခြခံမူများအား လေးစားလိုက်နာခြင်းအားဖြင့် စီမံချက်ကွင်းဆင်းကြီးကြပ်ရေးမှူးသည် ဦးတည်ကျေးရွာများတွင် ချမှတ်အကောင်အတည်ဖော်မည့် လုပ်ငန်းအစီအစဉ်များဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကျန်းမာရေးအရာရှိအား အကူအညီပေးကာ ဒေသခံအာဏာပိုင်အဖွဲ့အစည်းများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့်ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

**တာဝန်နှင့်ဝတ္တရားများ**

(၁) မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ချမှတ်ထားသည့် မူဝါဒ၊ မဟာဗျူဟာ၊ လမ်းညွှန်ချက်စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အရေးပေါ်ထုတ်ပြန်သည့် အမိန့်ကြေငြာချက်များအား တိကျစွာလိုက်နာရမည်။

**ရွေ့လျားဆေးကုသမှုတွင် ကူညီခြင်း**

(၂) နေ့စဉ် ဆေးကုသမှုပေးအပ်နေသည့် ရွေ့လျားဆေးကုသခြင်းလုပ်ငန်းများတွင် လိုအပ်သော ပံ့ပိုးကူညီထောက်ပံ့မှုများ ပေးအပ်ရမည်။

**ဆေးခန်းသို့ ထွက်ခွာရန် ပြင်ဆင်ခြင်း**

(၃) ရွေ့လျားဆေးကုသအဖွဲ့များ သက်ဆိုင်ရာရွာများသို့ ထွက်ခွာရန်လိုအပ်သည့် လုံခြုံရေးမှတ်တမ်းစာရင်းများ ၊ ဆေးခန်းတွင် အသုံးပြုသည့် စာရွက်စာတမ်းများ ကူးယူဖြည့်တင်းသည့် လုပ်ငန်းများ/ မိတ္တူ ကူးခြင်းလုပ်ငန်းများ၊ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(၄) ရွေ့လျားဆေးကုသခန်းတွင် အသုံးပြုသည့် လိုအပ်သောလူနာမှတ်တမ်းစာအုပ်များ ၊ ဆေးမှတ်တမ်းစာအုပ်များ ပြင်ဆင်ချုပ်လုပ်ပေးရမည်။

(၅) ရပ်ရွာများတွင် ရှေ့လုပ်ငန်းစဉ်များရေးဆွဲနိုင်ရန်ရပ်ရွာကော်မတီနှင့် စေတနာ့လုပ်အားရှင်များအားပံ့ပိုးကူညီပေးရမည်။

(၆) သက်ဆိုင်ရာအသင်းတာဝန်ကျ ကျန်းမာရေးအရာရှိ၏ လိုအပ်သောစာရွက်စာတမ်းများ ပြင်ဆင်ရာတွင်ကူညီရမည်။

**ဆေးခန်းတွင်**

(၇) ဆေးခန်းရှိ ဆေးပေးဝေသည့်နေရာတွင် ဆေးပစ္စည်းသုံးစွဲမှု စာရင်းမှတ်တမ်းများအား ရေးမှတ်ရာတွင်တာဝန်ကျသူနာပြုများ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

(၈) ဆေးခန်းရှိ ကျန်းမာရေးအသိပညာဖြန့်ဝေခြင်းလုပ်ငန်းစဉ်များတွင် အသုံးပြုသည့် အထောက်အကူပစ္စည်းများ၏ အဝင်အထွက်မှတ်တမ်းများအား စာရင်းပြုစု ထိန်းသိမ်းရာတွင် တာဝန်ကျ ကျန်းမာရေးအရာရှိများ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

(၉) ရွှေ့လျား/ ဆေးခန်းများ၊ ရုံးခန်းနေရာများ၊ ဆေးသိုလှောင်ခန်းများ၌ သန့်ရှင်းရေး ကိစ္စရပ်များတွင် ကြီးကြပ်ရမည်။

(၁၀) ဆေးခန်းရှိ အသင်းပိုင်ပစ္စည်းများအား စာရင်းပြုစုထိန်းသိမ်းပြီး ပျက်စီး၊ပျောက်ဆုံး စာရင်းများကိုလည်း အချိန်နှင့်တပြေးညီ သတင်းပို့ရမည်။

**ရုံးတွင်**

(၁၁) လစဉ် လချုပ်စာရင်းမှတ်တမ်းများ ပြင်ဆင်ရာတွင် သက်ဆိုင်ရာ သူနာပြုများ၊ ကျန်းမာရေးအရာရှိများ၏ ကြီးကြပ်မှုဖြင့် ကူညီဆောင်ရွက်ရမည်။

(၁၂) ရုံးတွင်းသုံးစာရေးကိရိယာများ၏ သုံးစွဲမှုမှတ်တမ်းများကို စာရင်းပြုစုရမည်။

(၁၃) သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပသည့်အခါ လိုအပ်သောမှတ်တမ်းများ၊ ပြင်ဆင်မှုများ ကူညီဆောင်ရွက်ရမည်။

(၁၄) ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာအသင်း၏ စာအဝင်အထွက်စာရင်းသွင်း မှတ်တမ်းပြုစုခြင်း၊ လိုအပ်သည့်စာရွက်စာတမ်းများ မိတ္တူကူးယူခြင်း၊ ထိန်းသိမ်းခြင်း စာပေးစာယူပြုလုပ်ခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရမည်။

(၁၅) ရုံးတွင်း ညှိနှိုင်းဆက်သွယ်ရေးလုပ်ငန်းစဉ်များ ပြေပြစ်ချောမွေ့စေရန်နှင့် အခြားရုံးလုပ်ငန်းတာဝန်များကိုလည်း ကူညီဆောင်ရွက်ရမည်။

(၁၆) အထက်ပါလုပ်ငန်းဆောင်တာများ အပြင်ရုံးခွဲမန်နေဂျာနှင့် သက်ဆိုင်ရာကြီးကြပ်သူများမှ အခါအားလျော်စွာ ချမှတ်ပေးအပ်သည့် တာဝန်များကိုလည်း ဆောင်ရွက်ရမည်။

## လိုအပ်သောအရည်အချင်းများ

- **တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။**
- **ဘွဲ့ရရှိပြီးသူကို ဦးစားပေးမည်။**
- ကျန်းမာရေး အခြေခံဗဟုသုတရှိပြီး ဆေးခန်းလုပ်ငန်းဆောင်တာများနှင့် အကျွမ်းတဝင်ရှိသူ ဖြစ်ရမည်။
- လူထုအခြေပြု ကျန်းမာရေးလုပ်ငန်းများတွင် အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- ကြက်ခြေနီစေတနာလုပ်အားရှင်များအား ဦးစားပေးမည်။
- ကျန်းမာသန်စွမ်းပြီးသွက်လက်နိုးကြားသူဖြစ်ရမည်။
- ကြက်ခြေနီအခြေခံမူများနှင့်အညီဆောင်ရွက်နိုင်ရမည်။
- မတူညီသောလူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းများကြားတွင် အဆင်ပြေစွာ ဆောင်ရွက်နိုင်ရမည်။
- ကွန်ပျူတာ အခြေခံကျွမ်းကျင်သူ ဖြစ်ရမည်။

- လူမှုဆက်ဆံရေးပြေပြစ်ကောင်းမွန်သူဖြစ်ရမည်။
- ရွှေ့လျားဆေးခန်းနှင့်ပတ်သတ်၍ ရုံးလုပ်ငန်းဆိုင်ရာ ဗဟုသုတရှိသူကို ဦးစားပေးမည်။
- မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ချမှတ်ထားသည့် မူဝါဒ၊ မဟာဗျူဟာ၊ လမ်းညွှန်ချက်၊ စည်းမျဉ်း စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အရေးပေါ်ထုတ်ပြန်သည့် အမိန့်ကြေငြာချက်များအား တိကျစွာ လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။
- မတူညီသောလူမှုအသိုင်းအဝိုင်းများကြားတွင်အဆင်ပြေချောမွေ့ကောင်းမွန်စွာ အလုပ်လုပ်နိုင်သူ ဖြစ်ရမည်။
- လူမှုဆက်ဆံရေး၊ ကျင့်ဝတ်၊ ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တ ကောင်းမွန်သူဖြစ်ရမည်။
- မြန်မာစာအား ကောင်းမွန်စွာ ရေးသားပြောဆိုတတ်သူဖြစ်ရမည်။
- ကြက်ခြေနီအခြေခံမူ (၇) ချက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မဟာဗျူဟာနှင့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။
- ကြက်ခြေနီလခြမ်းနီအခြေခံမူများကိုနားလည်လက်ခံပြီး တက်ကြွစွာ မြှင့်တင်လိုစိတ်ရှိသူ ဖြစ်ရမည်။
- ကြက်ခြေနီနှင့် လခြမ်းနီ လူမှုကရုဏာလှုပ်ရှားမှုများတွင် အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

***စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာပေးပို့လျှောက်ထားမှသာလျှင် ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်-

| | |
|---|---|
| **မြန်မာနိုင်ငံကြက်ခြေနီအသင်း** | **မြန်မာနိုင်ငံကြက်ခြေနီအသင်း** |
| **ရုံးချုပ်** | **ရုံးခွဲ** |
| **ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊** | **အမှတ် (၄၂)၊** |
| | **ကမ်းနားလမ်း၊ဗိုလ်တထောင်မြို့နယ်၊** |
| **နေပြည်တော်။** | **ရန်ကုန်။** |

(သို့မဟုတ်) mrcshrrecruitment@redcross.org.mm သို့လိပ်မူကာ ပေးပို့ရမည်။

အသေးစိတ်အချက်အလက်များအား www. redcross.org.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**